**အမှာ။** ။ဥပဇ္ဈာယ်နှင့် အတူမနေရသော ရဟန်းငယ်တို့သည် အရည်အချင်းရှိသော ဆရာ့အထံ၌ "အာစရိယော မေ ဘန္တေ ဟောဟိ, အာယသ္မတော နိဿာယ ဝစ္ဆာမိ=အရှင်ဘုရား.... တပည့်တော်၏ ဆရာဖြစ်တော်မူပါ၊ အရှင်ဘုရားကို မှီခို၍ နေပါအံ့"ဟု ၃-ခေါက်ဆို၍ နိဿယည်း ယူနေရသည်။

## ဝတ်ကြေမှသာ နိဗ္ဗာန်ရောက်

ကိုရင် ဗုဒ္ဓရက္ခိတ........ ဤပြခဲ့သော ကျင့်ဝတ် ၁၄-ပါးကို ဝိနည်း ပါဠိတော် စူဠဝဂ္ဂခန္ဓက၌ လာသောကြောင့် "ခန္ဓကဝတ်"ဟု ခေါ်ကြသည်၊ ဤကျင့်ဝတ်များ မကြေလျှင် အာပတ်သင့်- ဒဏ်ထိုက်သောကြောင့် သီလမပြည့်စုံသူ ဖြစ်၏၊ သီလမစင်ကြယ်လျှင် စိတ် မတည်ကြည်နိုင်၊ စိတ်ပျံ့လွင့်၍ မတည်ကြည်သူသည် (ကရုဏာအားထုတ်သော အခါ)တရားကို မမြင်နိုင်ပါ။

"သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ=သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်ခြင်း အကျိုးငှါ ရှင်ပြုပေးပါရန် တောင်းပန်ပါ၏"ဟု ရှင်ပြုတုန်းကဆိုခဲ့သော်လည်း တရားမမြင်သမျှ သံသရာဝဋ္ဋဒုက္ခမှ မလွတ်နိုင်၊ ထို့ကြောင့် ဘုရားအဆုံးမတော်ကို လိုက်နာသော ဘုရားသားကောင်း ရဟန်းသာမဏေ အပေါင်းသည် ပြခဲ့သော ဆိုင်ရာ ကျင့်ဝတ်များကို မချွတ်မယွင်းရအောင် ပြုကျင့်ရမည်၊ ထိုသို့ ပြုကျင့်မှသာ နိဗ္ဗာန်သို့ ရောက်နိုင်သည်။